**မြန်မာနိုင်ငံ မဟာမိတ် အလုပ်သမား အဖွဲ့အစည်းများမှ ဒီမိုကရေစီကို မိမိတို့ကိုယ်တိုင် ကာကွယ်ရေး အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အထွေထွေအလုပ်ရပ် အာဏာဖီဆန်ရေးလှုပ်ရှားမှုအား စတင်ရန် ပူးတွဲကြေညာချက်**

ရက်စွဲ။ ၇ မတ်လ ၂၀၂၁

အာဏာသိမ်းပြီးနောက်တစ်ရက်မှ စတင်၍ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)တွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ကဏ္ဍအသီးသီးမှ အလုပ်သမားများ၊ လယ်သမားများ၊ အစိုးရဝန်ထမ်းများအားလုံးနှင့် ဝိုင်းဝန်းကူညီကြသည့် ကျောင်းသား၊ ပြည်သူ လူငယ်များ၊ အဖွဲ့အစည်းများအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၏ နိုင်ငံရေးအရ ဦးဆောင်နေမှုများကိုလည်း ထောက်ခံကြိုဆိုပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ မဟာမိတ် အလုပ်သမား အဖွဲ့အစည်းများမှ လက်ရှိ အာဏာလု စစ်ကောင်စီ၏ အာဏာသိမ်းခြင်းအားဆန့်ကျင်ရန် နှင့် မြန်မာ့ အနာဂတ် ဒီမိုကရေစီရေး အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်ရပ် အာဏာဖီဆန်ရေး လှုပ်ရှားမှုအား လုပ်ဆောင်ရန် တညီတညွတ်တည်း ထောက်ခံရပ်တည်ပါသည်။ လက်ရှိ လူထုလှုပ်ရှားမှုတွင် ဦးဆောင်နေသည့် ပြည်သူ့ခေါင်းဆောင်များအား အလုပ်ရပ် အာဏာဖီဆန်ရေး လှုပ်ရှားမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်ရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းလိုက်သည်။ တစ်နိုင်ငံလုံးရှိ သမဂ္ဂအဖွဲ့ဝင်ထားသည်ဖြစ်စေ၊ မဝင်ထားသည်ဖြစ်စေ အလုပ်သမားများ၊ ဝန်ထမ်းများ အားလုံးလည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုက်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်ရပ် အာဏာဖီဆန်မှုစတင်သည်နှင့် တစ်ပြိုင်နက် ဤကြေညာချက်တွင် ပါဝင်သည့် အလုပ်သမား အဖွဲ့အစည်းများနှင့် ယင်းတို့၏ ထောင်ပေါင်းများစွာသော အဖွဲ့ဝင်အလုပ်သမားများလည်း ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ကတိပြုပါသည်။

စီးပွားရေးလုပ်ငန်းဆောင်တာများအား ပုံမှန်အတိုင်း လုပ်ဆောင်နေခြင်းနှင့် အထွေထွေ အလုပ်ရပ် လှုပ်ရှားမှုစတင်ရန် မိမိတို့ဖက်မှ နှောင့်နှေးကြန့်ကြာခြင်းမှာ စစ်တပ်ကိုသာ အကျိုးပြုမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ဒီမိုကရေစီကို ခုခံကာကွယ်ရမည့် အချိန်မှာ ယခုပင်ဖြစ်သည်။ ဒီမိုကရေစီရရှိရန်နှင့် အာဏာရှင်စနစ်ဆိုးထံမှ ကျွန်ုပ်တို့၏ နောက်မျိုးဆက်ကို ကယ်တင်ရန် ဤလှုပ်ရှားမှုစတင်ရေးအတွက် အလုပ်သမားများမှာ

အဆင်သင့်ဖြစ်နေပါသည်။ မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူများအနေဖြင့်လည်း ဤလှုပ်ရှားမှုတွင် ပါဝင်ကြမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

အလုပ်ရပ်ခြင်းမှာ တရားမဝင် အာဏာသိမ်းစစ်ကောင်စီကို ဆန့်ကျင်သည့် အာဏာဖီဆန်ရေးလှုပ်ရှားမှုတစ်ခုဖြစ်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်း တစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံသားများအား အလုပ်ဆင်းရန် မည်သူမှ အတင်းအဓမ္မ တွန်းအားမပေးနိုင်ပါ။ ကျွန်ုပ်တို့သည် လက်ရှိစစ်အာဏာရှင်တို့၏ ကျွန်များ မဟုတ်ပါ။ ဘယ်သောအခါမှလည်း ဖြစ်မည်မဟုတ်ပါ။ ကဏ္ဍအသီးသီးမှ အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ ကျွန်ုပ်တို့၏ ဒီမိုကရေစီရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့ပါသည်။ သို့သော် ယခုအချိန်မှာ ကျွန်ုပ်တို့အနေဖြင့် စစ်အာဏာရှင်တို့အပေါ် ပို၍တိုးမြှင့် ဖိအားပေးရမည့်အချိန်ရောက်နေပြီဖြစ်သည်။ **သို့ပါသောကြောင့် မြန်မာ့စီးပွားရေး အဆောက်အအုံ တစ်ခုလုံးအား ထိန်းချုပ်မရဘဲ ရပ်တန့်သွားစေရန် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မတ်လ ၈ ရက် ၂၀၂၁ခုနှစ် မှစတင်၍ အရှိန်မြှင့် လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။ ပုဂ္ဂလိက ဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ အလုပ်သမားများ အတူတကွ ပူးပေါင်းလုပ်ဆောင်သွားကြရန် ဖြစ်ပါသည်။ တစ်နိုင်ငံလုံးမှ အလုပ်သမားများအနေဖြင့်လည်း ထိုနေ့မှစ၍ အထွေထွေအလုပ်ရပ် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် တပြည်လုံးအတိုင်းအတာဖြင့် ပါဝင်လာသည်အထိ ပူးပေါင်းကြရန် တိုက်တွန်းလိုက်ပါသည်။**

သူရဲကောင်းများ ဖန်တီးခြင်းသက်သက်ဖြင့် မြန်မာ့ ဒီမိုကရေစီရေးတိုက်ပွဲအား ကျေနပ်နေမည်မဟုတ်ပါ။ ယခုဖြစ်နေသည့် ဒီမိုကရေစီရရှိရေးတိုက်ပွဲတွင် ပြည်သူများ ကျိန်းသေနိုင်ရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်မဆင်း/အလုပ်ရပ် လှုပ်ရှားမှုမှာ ပြည်သူ့အောင်ပွဲအတွက် နည်းလမ်းပင်ဖြစ်ပေသည်။ တပြည်လုံးအတိုင်းအတာဖြင့် လုပ်ငန်းပေါင်းစုံ အလုပ်ရပ် လှုပ်ရှားမှုစတင်ရန် ကျွန်ုပ်တို့၏ ခေါင်းဆောင်များအား တိုက်တွန်းလိုက်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်းများအနေဖြင့်လည်း အင်အားအပြည့်ဖြင့် ပူးပေါင်းပါဝင်မည်ဖြစ်ပြီး အလုပ်သမားများ၊ ဝန်ထမ်းများအားလုံးလည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုက်သည်။

(အလုပ်မဆင်း/အလုပ်ရပ် လှုပ်ရှားမှု ပြီးဆုံးရမည့်ရက်ကို ဒီမိုကရေစီတိုက်ပွဲ အောင်မြင်သည်အထိ လုပ်ဆောင်ရန် နှင့် နောက်တစ်ကြိမ် ကြေငြာချက် မထုတ်မချင်း ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်ပါသည်။)

**မြန်မာနိုင်ငံမဟာမိတ်အလုပ်သမားအဖွဲ့အစည်းများ**

ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ABFTU)

မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM)

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများကွန်ယက် (AMTUN)

Association for Labour and Development (ALD)

Action Labour Right (ALR)

မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFM-IUF)

မြန်မာနိုင်ငံ ဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်း အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (BWFM)

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)
မြန်မာနိုင်ငံ စွမ်းအင်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (EUFM)
မြန်မာနိုင်ငံ အထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FGWM)
အနာဂတ် အလင်းတန်းဆုံမှတ် (FLC)
မြန်မာနိုင်ငံ စားသောက်ကုန် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FWFM)
မြန်မာနိုင်ငံ ကုန်ထုတ်နှင့် စက်မှုလက်မှု အလုပ်သမား အဖွဲ့ချုပ် (IWFM)
မြန်မာနိုင်ငံ မီးရထားအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MRWUF)
မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MTF)
မြန်မာနိုင်ငံ သတ္တုတွင်းအလုပ်သမားအဖွဲ့ချုပ်(MWFM)
တို့မျိုးဆက်ကွန်ယက် (WGN)
ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့ (YCOWA)